**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ထုတ်ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ၁/၂၀၁၂

ရက်စွဲ ၊ ၂၀၁၂ ခုနှစ် ၊ ဖေဖော်ဝါရီလ ရက်

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားခြင်း ၊ စိစစ်ခြင်း ၊ လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းစဉ်များအား ဆောင်ရွက်လျက်ရှိရာတွင် ကုန်ပစ္စည်းအမည်များ ၊ ယူနစ် ( Unit ) သတ်မှတ်ချက်များအား အာဆီယံစည်းဝါးညီအကောက်ခွန်နှုန်း အမည်ပေးစနစ် H.S Code 2007 Version ဖြင့် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ပို့ကုန်သွင်းကုန်လုပ်ငန်းရပ်များနှင့် ဆက်စပ်နေသည့် အကောက်ခွန်ဦးစီးဌာန ၊ ဆိပ်ကမ်းစစ်ဆေးရေးနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့တွင် စာရင်းဇယား ပြုစုသည့်ပုံစံ တစ်ပြေးညီ ဖြစ်စေရန်အတွက် H.S Code 2012 Version စနစ်ဖြင့် ၂၀၁၂ ခုနှစ် ၊ ဧပြီလ ( ၁ ) ရက်နေ့မှ စတင်၍ ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ H.S Code 2012 Version စနစ်တွင် ကုန်ပစ္စည်းအမယ်များ၏ အောက်ဖော်ပြပါ Unit Code အမျိုးအစား ( ၁၂ )မျိုးအား သက်ဆိုင်ရာ H.S လိုင်းအလိုက် စံသတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် ပြည်ပကုမ္ပဏီများနှင့် ကုန်ပစ္စည်း အရောင်းအဝယ်ဆောင်ရွက်သည့် Invoice , Sales Contract ဆောင်ရွက်ရာတွင်လည်းကောင်း ၊ လိုင်စင်လျှောက်ထားရာတွင်လည်းကောင်း အဆိုပါ H.S Code စံသတ်မှတ်ချက်အတိုင်း လျှောက်ထားရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| **H.S Code 2012 Unit of Measure** | **Unit Code** |
|---|---|
| Kilogrammes | kg |
| Carat | carat |
| metre | m |
| Square metres | $m^2$ |
| cubic metres | $m^3$ |
| Litres | L |
| 1,000 Kilowatt hours | 1,000 kWh |
| pieces / items | u |
| Pairs | 2 u |
| Dozens | 12 u |
| Thousands of pieces/items | 1,000 u |
| Packs | u ( jeu / pack ) |

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

172.16.109.87\D:\KTP\Share Folder\General\Order 1-2012.docx